# အမည်စွဲစကားလုံးများနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု

ဥက္ကာမင်း*

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် ဘာသာစကားများတွင်တွေ့ရလေ့ရှိသည့် ကိုယ်ပိုင်အမည်များကိုအစွဲပြုပြီးဖြစ်ပေါ်လာသည့် အနက်အဓိပ္ပာယ်ဆိုင်ရာ အကျိုးဆက်များကို လေ့လာစိစစ်ထားသောသုတေသနစာတမ်းဖြစ်ပါသည်။ လေ့လာရခြင်း၏ရည်ရွယ်ချက်မှာ ဘာသာစကားတစ်ခုအတွင်းရှိ ကိုယ်ပိုင်အမည်များသည် အမည်ပိုင်ရှင်နှင့်ဆက်စပ်နေသော အပြုအမူ၊ အကျင့်အကြံ၊ အတွေးအခေါ်၊ အဖြစ်အပျက်၊ အခြေအနေတို့ကိုအခြေခံလျက် အနက်အဓိပ္ပာယ်သစ်များ ဖြစ်ပေါ်လာနိုင်ကြောင်း ဖော်ထုတ်လိုခြင်းဖြစ်ပါသည်။ မြန်မာဘာသာစကားကို အလေ့လာခံအဖြစ်သတ်မှတ်ပြီး အနက်အဓိပ္ပာယ်လေ့လာသည့်သီအိုရီများဖြင့် ချိန်ထိုးလေ့လာထားပါသည်။ မြန်မာဘာသာစကားအတွင်းရှိ ကိုယ်ပိုင်အမည်များနှင့်ဆက်စပ်နေသောနောက်ကွယ အကြောင်းအချက်များကိုအခြေခံလျက် ကိုယ်ပိုင်အမည်များသည် ဥပစာအနက်၊ ဒေသိယအနက်များအဖြစ် အနက်အဓိပ္ပာယ်ဖော်ဆောင်နိုင်သောစကားလုံးအသစ်များတိုးပွားဖြစ်ပေါ်လာပုံကို လေ့လာဖော်ထုတ်ထားပါသည်။

သော့ချက်ဝေါဟာရများ– အမည်၊ အမည်စွဲစကားလုံး၊ ဥပစာ၊ ဒေသိယ

## နိဒါန်း

မြန်မာဘာသာစကားကိုအခြေခံ၍ ဘာသာစကားဆိုင်ရာသုတေသနများစွာလုပ်ခဲ့ကြပါသည်။ သို့သော် ကိုယ်ပိုင်အမည်များကိုအခြေခံ၍ အမည်စွဲစကားလုံးများကို အနက်အဓိပ္ပာယ်ရှုထောင့်မှလေ့လာခြင်းသည် ယခင်ကကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့ဖူးခြင်းမရှိသေးသောသုတေသနဖြစ်ပါသည်။ ကိုယ်ပိုင်အမည်များသည် ဘာသာစကားတိုင်းတွင်တွေ့နိုင်သည့် ဘာသာစကားဆိုင်ရာ ဝိသေသလက္ခဏာတစ်ရပ် ဖြစ်ပါသည်။ ကိုယ်ပိုင်အမည်မရှိသောဘာသာစကားဟူ၍မရှိနိုင်ပါ။ ရှင်သန်နေသောဘာသာစကားတိုင်းသည် ခေတ်အခြေအနေကတောင်းဆိုလာသည့်အတိုင်း စကားလုံးအသစ်များ နေ့စဉ်နှင့်အမျှတိုးပွားနေပါသည်။ ထို့အပြင် အချို့သောအခြေအနေများအတွက် ရှိပြီးသားစကားလုံးများကို အစားထိုးကာ အနက်အဓိပ္ပာယ်အသစ်များအဖြစ်လည်း တီထွင်သုံးစွဲကြပါသည်။ ဘာသာစကားတိုင်းတွင် သက်ရှိ၊ သက်မဲ့များအတွက် သီးခြားသတ်မှတ်ခေါ်ဝေါ်သောအမည်များရှိကြပါသည်။ ယင်းတို့သည်ကိုယ်ပိုင်အမည်များဖြစ်သည့်အတွက် မည်သည့်အဓိပ္ပာယ်ကိုမျှ ဖော်ညွှန်းခြင်းမပြုနိုင်ပါ။ သို့သော် ယင်းသက်ရှိ၊ သက်မဲ့တို့နှင့် ဆက်စပ်ဖြစ်ပေါ်နေသည့် အပြုအမူ၊ အကျင့်အကြံ၊ အဖြစ်အပျက်၊ အခြေအနေတိကို အစွဲပြုကာ နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ခံစားချက်များ၊ သဘောထားများကို အဓိပ္ပာယ်သတ်မှတ်ချက်များအဖြစ် သတ်မှတ်သုံးစွဲကြပါသည်။ မူလအမည်နှင့် တူညီမှု၊ ဆက်စပ်မှုတစ်ခုခုကို အစွဲပြုကာ အနက်သစ်များအဖြစ် ပြောင်းရွှေ့သုံးစွဲသည့်စကားလုံးများသည် ရှင်သန်နေသည့်ဘာသာစကားတိုင်းတွင် တွေ့ရလေ့ရှိသော စကားလုံးများဖြစ်ပါသည်။ ယင်းတို့သည် ဥပစာတင်စားမှုများဖြစ်ပါသည်။ အမည်စွဲစကားလုံးများကို ဥပစာစကားလုံးများအဖြစ်

---

* ကထိက၊ ဒေါက်တာ၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

အနက် အဓိပ္ပာယ်လေ့လာသည့်ရှုထောင့်မှလေ့လာခြင်းဖြင့် ဘာသာစကားများအတွင်း အနက်အဓိပ္ပာယ် တိုးပွားလာပုံဖြစ်စဉ် တစ်ခုအကြောင်းကို သိမြင်လာစေပါသည်။

ဤသုတေသနစာတမ်းသည် အမည်စွဲစကားလုံးဆိုသည်မှာ မည်ကဲ့သို့သော စကားလုံးအမျိုးအစားများဖြစ်သနည်း၊ အမည်စွဲစကားလုံးများသည် ဘာသာစကားသုံးစွဲမှုနယ်ပယ်တွင် မည်သို့မည်ပုံ ပါဝင်ပတ်သက်နေကြသနည်း၊ အမည်စွဲစကားလုံးများသည် အနက်အဓိပ္ပာယ်ဆိုင်ရာ မည်သို့သော အကျိုးသက်ရောက်မှုများရှိသနည်း၊ ဟူသည့် သုတေသနမေးခွန်းများအတွက် လေ့လာဖော်ထုတ်ထားသောစာတမ်းဖြစ်ပါသည်။

အမည်စွဲစကားလုံးများသည် တင်စားသုံးစွဲသောစကားလုံးများဖြစ်သဖြင့် အနက်အဓိပ္ပာယ်ရှုထောင့်မှ လေ့လာသည့်အခါ ဥပစာတင်စားမှုကိုလေ့လာသည့် နည်းနာများဖြင့် ချိန်ထိုးလေ့လာနိုင်ပါသည်။ အနက်အဓိပ္ပာယ်နှင့် ဥပစာတင်စားမှုများကိုလေ့လာဖော်ထုတ်ထားသည့် ဂျော့ချ်ရူးလ်[၁] ၏ ဘာသာစကားလေ့လာမှု[၂]၊ ဒေးဗစ်ခရစ်စတယ်[၃] ၏ ဘာသာဗေဒနှင့်သဒ္ဒဗေဒအဘိဓာန်[၄]၊ ခရစ်ဘဲလ်ဒစ်[၅] ၏ စာပေဆိုင်ရာဝေါဟာရအဘိဓာန်[၆] တို့မှ ဖွင့်ဆိုချက်များနှင့် အယူအဆများ၊ ဒေါက်တာခင်အေး၏ အတ္တဗေဒနိဒါန်း ၊ မောင်ခင်မင်(ဓနုဖြူ)၏ ဘာသာစာပေဆိုင်ရာစာအုပ်များမှ ဖွင့်ဆိုချက်များ၊ အယူအဆများကို ဤသုတေသနစာတမ်းတွင် သုတေသနနည်းနာများ အကိုးအကားများအဖြစ် သတ်မှတ်သုံးစွဲပါသည်။

## ၁။ စကားလုံးဆက်စပ်မှု[၇] နှင့် အနက်ဆက်စပ်မှု[၈]

စကားလုံးတစ်ခုနှင့်တစ်ခုသည် ကွန်ရက်သဖွယ်ဆက်စပ်နေကြပါသည်။ စကားလုံး တစ်လုံးသည် အခြားစကားလုံးများနှင့် သံတူကြောင်းကွဲဖြစ်ခြင်း၊ ကြောင်းတူသံကွဲဖြစ်ခြင်း၊ အနက်ဆန့်ကျင်နေခြင်း၊ အနက်အကျုံးဝင်နေခြင်းအပြင် အခြားသော ဆက်စပ်မှု၊ ဆက်သွယ်မှု များလည်း ရှိနေပါသည်။ ဘာသာစကားတူတစ်ခုအတွင်း စကားလုံးများသည် အချင်းချင်း အချိုးကျကျ အကျိုးသင့်အကြောင်းသင့် ဆက်စပ်၊ ဆက်သွယ်ဖြစ်တည်နေပါသည်။ တစ်နည်းအားဖြင့် ဘာသာစကားတစ်ခုအတွင်း စကားလုံးအချင်းချင်းတစ်ခုနှင့်တစ်ခု ဝေါဟာရအစုံများ[၉] အဖြစ် ကွန်ရက်ကဲ့သို့ ချိတ်ဆက်နေသည်ကို တွေ့နိုင်ပါသည်။

စကားလုံးချင်း ဆက်စပ်နေမှုသည် အနက်ဆက်စပ်မှုကိုလည်း အကျိုးသက်ရောက်စေပါသည်။ အနက်ဆက်စပ်မှုသဘောမှာမူ စကားလုံးဆက်စပ်မှုထက်ပို၍ ကျယ်ပြန့်စွာဖြစ်တည် နေလေ့

[1] Yule, George
[2] The Study of Language
[3] Crystal,David
[4] A Dictionary of Linguistics and Phonetics
[5] Baldick,Chris
[6] The Concise Oxford Dictionary of Literary Terms
[၇] lexical relation
[၈] sementic relation
[၉] lexical set

ရှိပါသည်။ စကားလုံးတစ်လုံး၏အနက်သည် သာမန်အနက်(အနက်ရိုး) အနေဖြင့်သာမက အခြားသော အနက်များ (ဥပစာအနက်၊ ဂယက်အနက် စသည်)များလည်း ထင်နိုင်ပါ သည်။ ထိုအခါ ထိုစကားလုံးကို အနက် ဖော်သူ၏ ကိုယ်ပိုင်အတွေ့အကြုံ ကိုယ်ပိုင်မှတ်ဉာဏ်များကိုအခြေခံပြီး အနက်အမျိုးမျိုးထင်နိုင် ပါသည်။ ထိုအခါ ယင်းစကားလုံးနှင့်ဆက်စပ်နေသော အနက်ပြစကားလုံး များမှာလည်း အမျိုးမျိုး ကွဲပြားနိုင်ပါသည်။ ဥပမာအားဖြင့် 'မြွေ' ဟူသော စကားလုံးကို သာမန် အားဖြင့် 'တိရစ္ဆာန်' ဟု အနက်ရိုးထင်သော်လည်း ထိုစကားလုံးကို အနက်ဖော်သူ၏ အတွေ့အကြုံကို လိုက်ပြီး 'မြွေ'ဟူသော စကားလုံးနှင့်ဆက်စပ်ပြီး အခြားအနက်အမျိုးမျိုး ထင်နေသည့်ဆက်စပ် စကားလုံးအမျိုးမျိုးဖြစ်လာ နိုင်ပါသည်။ မြွေ ကိုက်ခံရဖူးသူ၊ မြွေကြောင့် ဒုက္ခရောက်ဖူးသူက 'အန္တရာယ်၊ အဆိပ်၊ သေ၊ ကြောက်လန့်' ဟူသောဆက်စပ်စကားလုံးများ ထင်လာနိုင်ပါသည်။ မြွေ ကိုလေ့လာနေသော သုတေသီအနေဖြင့် 'ရှည်တို၊ လုံးပတ်၊ အရောင်၊ အရွယ်အစား၊ မျိုးစိတ်၊ တွေ့ရာဒေသ' စသည့် စကားလုံးများဆက်စပ်ထင်မြင် လာနိုင်ပါသည်။ မြွေ ကိုချက်စားလေ့ရှိသူ များကမူ 'ကြီး၊ သေး၊ အရသာ၊ အကြော်၊ အကင်' စသည့်စကားလုံးများ ဆက်စပ်ထင်မြင် လာပါသည်။ ထို့ကြောင့် စကားလုံးများတွင်ထင်နေသည့် အနက်အဓိပ္ပာယ်ဆက်စပ်မှုသည် ပုဂ္ဂိုလ် အပေါ်မူတည်ပြီး ဆက်စပ်အနက်အမျိုးမျိုး ထင်လာနိုင်ကြောင်းသိနိုင်ပါသည်။ ယင်းအနက် ဆက်စပ်မှုများသည် စကားလုံးဆက်စပ်မှုအပေါ်တွင်လည်း အကျိုးသက်ရောက်နေပုံကို တွေ့နိုင်ပါသည်။ ထိုသို့ စကားလံးတစ်လုံးနှင့် ဆက်စပ်နေသော အခြားစကားလုံးများ၊ ဆက်စပ်နေသော အခြားအနက်များကိုပါသိမြင်နိုင်ခြင်းသည် လူတို့၏အာရုံသိမှုသဘော ဖြစ်သည်။ တစ်နည်းအားဖြင့် စကားလုံးများ၏အဓိပ္ပာယ် နောက်ကွယ်တွင် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ခံစားမှုများ၊ အတွေးများ ထင်ဟပ်နေသည့်သဘောဖြစ်ပါသည်။

၂။ အမည်စစကားလုံးများနှင့် ဘာသာစကားအသုံးဆက်စပ်မှု

ဘာသာစကားတိုင်းသည် စတင်ပေါ်ပေါက်လာချိန်မှစ၍ ကာလကြာမြင့်လာသည်နှင့်အမျှ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာတတ်ကြပေသည်။တဖြည်းဖြည်းကျယ်ပြန့်လာတတ်ကြပေသည်။ တဖြည်းဖြည်း တိုးပွားလာတတ်ကြပေသည်။ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာသောအခြေ အနေအလျောက် စကားလုံး အသစ်အသစ်များတိုးပွားလာတတ်သည်မှာ ဘာသာစကားတိုင်းတွင် တွေ့ရသည့်သဘာဝတစ်ခုပင် ဖြစ်ပါသည်။ စကားလုံးအသစ်အသစ်များ တိုးပွားလာသကဲ့သို့ ရှိရင်းစွဲစကားလုံးကို အဓိပ္ပာယ် တစ်မျိုးထက်ပို၍သုံးစွဲလာကြပါသည်။ ဆိုလိုသည်မှာစကားလုံး တစ်လုံးကိုမူတည်၍ စကားလုံး၏ မူလအနက်အပြင် အခြားသောအနက်အဓိပ္ပာယ်အသစ်များ တိုးပွားလာပြီး အများစုကသတ်မှတ် သုံးစွဲလာကြသည့် သဘောဖြစ်ပါသည်။ အမည်စွဲစကားလုံး များသည် ဘာသာစကားတစ်ခုအတွင်း အနက်အဓိပ္ပာယ်အသစ်များအဖြစ် တိုးပွားလာသည့် စကားလုံးမျိုးဖြစ်ပါသည်။

၂.၁။ အမည်စွဲစကားလုံးဟူသည်

အမည် ဟူသောစကားလုံးနှင့် စွဲ ဟူသောစကားလုံးကို မြန်မာအဘိဓာန်တွင်

> အမည်၊ န-သက်ရှိ၊ သက်မဲ့တို့ကိုခေါ်ဝေါ်သောအမည်။ နာမည်[၁]
>
> စွဲ-ကြိ-၁၊ မြဲမြဲစွာတည်နေသည်။ ၂၊ စူးဝင်တည်နေသည်။ ၃၊ လွန်စွာတွယ်တာ သည်။ ၄၊ ကိုင်ဆောင်သည်။ ၅၊ အခြေခံသည်။ ၆၊ တစ်စုံတစ်ခုသောအခြေအနေ သို့ရောက်သည်။ ၇၊ ယိုးစွပ်သည်။ ကြိဝိ-အမြဲ။ စွဲစွဲမြဲမြဲ၊"ဤဆေးကို စွဲစားပါ" [၂]

ဟုဖွင့်ဆိုထားပါသည်။ 'အမည်စွဲ' ဝေါဟာရမှ 'စွဲ' သည် 'မြဲမြဲစွာတည်နေသည်'၊ 'အခြေခံသည်' ဟူသောအဓိပ္ပာယ်များအရ သတ်မှတ်ခြင်းဖြစ်နိုင်ပါသည်။ သက်ရှိ၊ သက်မဲ့တို့၏အမည်နောက်ကွယ်တွင်မြဲမြဲစွာတည်နေသည့် အနက်အဓိပ္ပာယ်ကိုအခြေခံပြီး ဖြစ်ပေါ်လာသည့်စကားလုံးမျိုးဟု ဆိုနိုင်ပါသည်။ အမည်(နာမည်)တစ်ခုချင်းစီ၏ နောက်တွင် ယင်းတို့နှင့် ပတ်သက်သည့် ထင်ရှားသောအရည်အသွေးတို့သည်လည်း စွဲမြဲစွာပါဝင်နေတတ်ပါသည်။ ထို့ကြောင့် ယင်း အမည်နှင့်ဆက်စပ်နေသည့် နောက်ဆက်တွဲအကြောင်းအချက်များကိုအခြေခံ၍ အဓိပ္ပာယ်သစ်အဖြစ် ပြောင်းလဲဖြစ်ပေါ်လာသောစကားလုံးသစ်ဟုလည်း ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် ကိုယ်ပိုင်အမည်များသည် အနက်အဓိပ္ပာယ်အားဖြင့် သီးခြားမရှိသော်လည်း ယင်းကိုယ်ပိုင် အမည်၏နောက်တွင် စွဲမြဲနေသည့် အကြောင်းအချက်များကို ရည်ညွှန်းလျက် အဓိပ္ပာယ်အသစ်အဖြစ် သတ်မှတ်သုံးစွဲမှုမျိုးလည်း ဖြစ်ပါသည်။ ကိုယ်ပိုင်အမည်ဟူသောအချက်ကမေးမှိန်သွားပြီး ဆက်စပ်နေသည့်အချက်က ထင်ရှားလာကာ အဓိပ္ပာယ်အသစ်တစ်ခုအဖြစ် ရောက်ရှိသွားခြင်းဟုလည်း ဆိုနိုင်ပါသည်။

> နာမည်က နာမည်ရှင်၏ ပုဂ္ဂလဝိသေသကို ဖော်ပြနေသည်။ နာမည်မဖော်ပြသမျှ ကာလပတ်လုံး ထိုနာမည်ရှင်သည် လူများစုထဲမှာ ရောနှောပျောက်ကွယ်နေသည်။ နာမည်ဖော်ထုတ်လိုက်မှသာ လူများစုထဲက ထင်းခနဲပေါ်ထွက် လာသည်[၃]

ဟုနာမည်၏ သဘောသဘာဝကိုဖွင့်ဆိုကြပါသည်။ ထို့အပြင် နာမည်များတွင်ထင်ဟပ်နေသည့် အနက်အဓိပ္ပာယ်နှင့်ပတ်သက်၍လည်း

> နာမည်ရှင်နှင့်ပတ်သက်သည့် ကောင်းကွက်၊ ဆိုးကွက်များသည် နာမည် ကိုပါ အရှိန်အငွေ့ ရိုက်ခတ်လေ့ရှိပါသည်။ နာမည်ရှင်၏အကောင်းအဆိုး ကိုလိုက်၍ နာမည်တွင် ကောင်းသောဂယက်အနက်၊ ဆိုးသောဂယက်အနက် ထင်တတ်သည်[၄]

ဟုလည်းဆိုပါသည်။ အမည်စွဲစကားလုံးကို

> လူပုဂ္ဂိုလ် သို့မဟုတ် နေရာကိုအခြေပြု၍ ဖြစ်ပေါ်လာသော စကားလုံးသစ်များကို အမည်စွဲစကားလုံးဟုခေါ်သည်[၅]

ဟုလည်းဖွင့်ဆိုပါသည်။ ထို့အပြင် အမည်စွဲစကားလုံးဟူသည်

---

[၁] မြန်မာစာအဖွဲ့၊၂၀၀၈၊၄၁၄။
[၂] မြန်မာစာအဖွဲ့၊၂၀၀၈၊၁၁၅။
[၃] ခင်မင်၊မောင်၊ဓနုဖြူ၊၂၀၀၄၊၁၇၄။
[၄] ခင်မင်၊မောင်၊ဓနုဖြူ၊၂၀၀၄၊၁၇၃။
[၅] George Yule,54.

> တီထွင်မှုတစ်ခု၊ တွေ့ရှိမှုတစ်ခု သို့မဟုတ် နေရာတစ်ခုနဲ့ပတ်သက်ပြီး သူတို့၏ လုပ်ဆောင်မှုများအတွက် သက်ဆိုင်ရာလူပုဂ္ဂိုလ်နှင့် နေရာတို့၏ အမည်များကို အခြေခံပြီး ဖြစ်ပေါ်လာသောနာမည်အစွဲပြု စကားလုံးသစ်များ ဖြစ်သည်[၁]

ဟုလည်းဖွင့်ဆပါသည်။

အမည်စွဲစကားလုံးများသည် ကိုယ်ပိုင်အမည်များမှတစ်ဆင့် ဖြစ်ပေါ်ပြောင်းလဲလာခြင်း ဖြစ်ပါသည်။ ကိုယ်ပိုင်အမည်များနှင့်ပတ်သက်၍

> ခံစားမှုများ၊ အတွေးများ ထင်ဟပ်နေတတ်သည့် စကားလုံးများတွင် ကိုယ်ပိုင် အမည်များလည်း ပါဝင်ပါသည်။ အမည်ပိုင်ရှင်နှင့် ဆက်စပ်နေသော ခံစားမှုများ၊ အတွေးများသည် အမည်စကားလုံးကိုပါ ရိုက်ခတ်တတ်သည့်အတွက် အမည်ကို ကြားလိုက်ရရုံ၊ ဖတ်လိုက်ရရုံနှင့် ခံစားမှုများ၊ အတွေးများ တစ်ပါတည်း ရိုက်ခတ် လာတတ်ပါသည်[၂]

ဟုဆိုပါသည်။ ထို့ကြောင့် အမည်စွဲစကားလုံးများသည ကိုယ်ပိုင်အမည်သက်သက်မဟုတ်တော့ဘဲ ဆက်စပ်နေသည့် အခြားသောသမြင်မှုမှတ်ဉာဏ်အလိုက် ခံစားမှုများ၊ အတွေးများကို ဖြစ်ပေါ်စေသည့် အခြားသောအနက်အသစ်များအဖြစ် တိုးပွားသွားနိုင်ပါသည်။ စာပေများတွင်

"ဟားဟား ဒါက တောင်တွင်းဂိုက်ပေါ့လေ"[၃]

"ရှုနယ်ရနံ့က နှာခေါင်းဝရောက်လာရင် မိန်းမောချင်စရာပဲ"[၄]

ဟုရေးဖွဲ့လေ့ရှိကြပါသည်။ အထက်ပါအဖွဲ့များမှ 'တောင်တွင်း၊ ရှုနယ်' တို့သည်ကိုယ်ပိုင်အမည်များ ဖြစ်ကြပါသည်။ သို့သော် ယင်းအမည်များ၏နောက်ကွယ်တွင် မည်သို့သောအမျိုးအစားများဖြစ်သည် ကိုမူမြှုပ်ထားပါသည်။ တောင်တွင်းသည် မြို့အမည်ဖြစ်ပြီး၊ ရှုနယ်သည် ရေမွှေးအမည်ဖြစ်ပါသည်။ သို့သော် ယင်းအမည်များ၏အသုံးတွင်ကျယ်မှုအလေ့ာက် တောင်တွင်းဟုဆိုလျှင် မြို့အမည်ဖြစ်ကြောင်း၊ ရှုနယ်ဟုဆိုလျှင် ရေမွှေးအမည်ဖြစ်ကြောင်း အလိုလိုသိရှိနိုင်သောကြောင့် အမျိုးအစားကို မြှုပ်ထားပြီး အမည်သက်သက်ကိုသာသုံးစွဲရေးဖွဲ့ခြင်းဖြစ်ပါသည်။

အမည်စွဲစကားလုံးများသည် ပုံမှန်အားဖြင့်ကိုယ်ပိုင်အမည်များသာ ဖြစ်ပါသည်။ သဒ္ဒါ အမျိုးအစားအားဖြင့် ကိုယ်ပိုင်နာမ်စကားလုံးများသာဖြစ်ပါသည်။ ယင်းတို့မှာ အဘိဓာန်တွင် ဖွင့်ဆို နိုင်လောက်သည့်အနက်အဓိပ္ပာယ်မျိုးမရှိချေ။ နာမ်စကားလုံးများဖြစ်သော်လည်း ဝါကျတွင်ထည့်သွင်း ဖော်ပြနိုင်ရုံမျှသာအသုံးဝင်သောနာမ်စကားလုံးမျိုးဖြစ်ပါသည်။ ဝေါဟာရစကားလုံးဖြစ် သော်လည်း ဝေါဟာရအနက်မရှိသောစကားလုံးမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် ဝါကျဖွဲ့စည်းပုံ အရသာအသုံး ဝင်၍ အဘိဓာန်အနက်မရှိသောစကားလုံးမျိုး ဖြစ်ပါသည်။ အခြား နာမ်စကားလုံးများသည် နာမ ဝိသေသနများနှင့်တွဲစပ်၍ သုံးစွဲနိုင်သော်လည်း အမည်စွဲနာမ်စကားလုံးများသည် နာမဝိသေသန စကားလုံးများနှင့် တွဲစပ်သုံးစွဲခြင်းမပြုနိုင်ပေ။

မြန်မာဘာသာစကားတွင်

နာမ် + နာမဝိသေသန

---

[၁] David Crystal,138.

[၂] ခင်မင်၊မောင်၊မနုဖြူ၊၅၉၊၂၀၀၉။

[၃] ခင်နှင်းယု၊၁၉၉၅၊၁၁။

[၄] –ယင်း–၊၃၈။

လူ + ဖြူ (လူဖြူ)

ခရီး + ဝေး (ခရီးဝေး)

ရေ + သန့် (ရေသန့်)

ဟူ၍ နာမ်စကားလုံးနှင့် နာမဝိသေသနစကားလုံးများကို တွဲစပ်သုံးစွဲနိုင်သော်လည်း

အမည် + နာမဝိသေသန

ဧရာဝတီ + ဖြူ (ဧရာဝတီဖြူ)

မန္တလေး + ဝေး (မန္တလေးဝေး)

ရန်ကုန် + သန့် (ရန်ကုန်သန့်)

ဟူ၍ တွဲစပ်သုံးစွဲခြင်းမပြုနိုင်ပေ။

ထို့အတူ အခြားနာမ်စကားလုံးများကဲ့သို့ ဝိဘတ်များမြှုပ်၍ ကြိယာများနှင့်ပေါင်းကာ နာမ်ပေါင်းကြိယာအဖြစ်လည်း အသုံးမပြုနိုင်ချေ။

မြန်မာဘာသာစကားတွင်

မိုး (သည်) + ရွာ = မိုးရွာ(သည်)

ဈေး(သို့) + သွား = ဈေးသွား(သည်)

ကျောင်း(မှ) + ပြန် = ကျောင်းပြန်(သည်)

ထမင်း(ကို) + စား = ထမင်းစား(သည်)

ဟူ၍ နာမ်စကားလုံးများကို ဝိဘတ်များမြှုပ်ကာ နာမ်ပေါင်းကြိယာများအဖြစ် သုံးစွဲပါသည်။ အမည်စွဲစကားလုံးများကို နာမ်စကားလုံးများကဲ့သို့

မန္တလေး(သို့) + သွား = မန္တလေးသွား(သည်)

ရန်ကုန်(မှ) + ပြန် = ရန်ကုန်ပြန်(သည်)

ပုဂံ(သို့) + ရောက် = ပုဂံရောက်(သည်)

ဟုသုံးစွဲနိုင်သော်လည်း နာမ်စကားလုံးစစ်စစ်များကဲ့သို့ ကြိယာနှင့်ပေါင်းစည်းထားနိုင်သည့် နာမ်ပေါင်းကြိယာမျိုး ဖြစ်မလာချေ။ အမည်စွဲစကားလုံးများကို ကြိယာနှင့် ပေါင်းစည်း၍ သုံးစွဲသောအခါ နာမဝိသေသနသဘောဖြင့်သာ သုံးစွဲလေ့ရှိပါသည်။ သာဓကအားဖြင့် –

ရွှေစက်တော်သွားတောလား၊ ရန်ကုန်ပြန်လက်ဆောင်၊ ပုဂံရောက်အမှတ်တရ စသည်ဖြင့် သုံးစွဲပုံကို တွေ့ရပါသည်။

အမည်စွဲစကားလုံးများကို အခြားနာမ်စကားလုံးများနှင့်ပေါင်းစပ်ပြီး နာမဝိသေသန အဖြစ် သုံးလေ့ရှိပါသည်။ များသောအားဖြင့် တည်နေရာပြသည့် နေရာအမည်များဖြစ်ပါသည်။

ဂန့်ဂေါ + ပုဆိုး = ဂန့်ဂေါပုဆိုး

ရန်ကုန် + မုန့်ဟင်းခါး = ရန်ကုန်မုန့်ဟင်းခါး

ပုသိမ် + ဟာလဝါ = ပုသိမ်ဟာလဝါ

ရွှေဘို + သနပ်ခါး = ရွှေဘိုသနပ်ခါး

မြင်းခြံ + ဆေးလိပ် = မြင်းခြံဆေးလိပ်

ရွာလွတ် + ဖိနပ် = ရွာလွတ်ဖိနပ် စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြပါသည်။

အမည်စွဲစကားလုံးများကို အမျိုးအစားများခွဲကြည့်ပါက စီးပွားရေးလုပ်ငန်းဆိုင်ရာ အမည်စွဲစကားလုံးများ၊ နေရာဒေသဆိုင်ရာအမည်စွဲစကားလုံးများ၊ လူမှုရေးဆိုင်ရာအမည်စွဲ စကားလုံးများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာအမည်စွဲစကားလုံးများ၊ ဖျော်ဖြေရေးဆိုင်ရာအမည်စွဲ စကားလုံးများ၊ ဟု ခွဲခြားလေ့လာကြည့်နိုင်ပါသည်။

အချို့သောအမည်စွဲစကားလုံးများသည် စီးပွားရေးလုပ်ငန်းများကို အခြေခံ၍ဖြစ်ပေါ်လာပါသည်။ သက်ဆိုင်ရာစီးပွားလုပ်ငန်းများသည် ပြည်သူလူထုအကြားတွင် အောင်မြင်ကျော်ကြားလာသည့်အလျောက် ယင်းစီးပွားရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းအမည်များသည်လည်း အသုံးတွင်ကျယ်လာခြင်းဖြစ်ပါသည်။ အစပိုင်းတွင် အမည်နှင့်လုပ်ငန်းကိုတွဲဖက်မှတ်သားပြောဆိုသုံးနှုန်း လေ့ရှိကြသော်လည်း ကာလကြာသောအခါ လုပ်ငန်းထက် အမည်ကိုသာအသားပေးပြောဆို သုံးနှုန်းလာလေ့ရှိကြပါသည်။ ဥပမာအားဖြင့်

အရိုးတောင်းလက်ဖက်၊ မြင့်မြင့်ခင်ထိုးမုန့်၊ ငစိန်ဆန်၊ စသည်ဖြင့် တွဲဖက်သုံးစွဲလေ့ရှိကြပါသည်။ ကာလကြာသောအခါ လက်ဖက်၊ ထိုးမုန့်၊ ဆန် တို့ကို ထည့်သွင်းပြောဆိုခြင်း မပြုတော့ဘဲ

“မန္တလေးရောက်ရင် အရိုးတောင်းနဲ့ မြင့်မြင့်ခင် ဝယ်ခဲ့ဖို့ မမေ့နဲ့နော်”

“ ငစိန် ထက် ပေါ်ဆန်းမွှေးက ပိုစားလို့ကောင်းတာပေါ့”

ဟူ၍ပြောဆိုသုံးနှုန်းလာကြပါသည်။

အချို့သောအမည်စွဲစကားလုံးများသည် နေရာဒေသဆိုင်ရာ အမည်များဖြစ်ပါသည်။ ထင်ရှားသည့်နေရာ၊ ထွက်ရှိသည့်နေရာ၊ ပြုလုပ်သည့်နေရာ၊ အကောင်းဆုံးဟုသတ်မှတ် ထားသည့်နေရာများကို အစွဲပြု၍သတမှတ်သုံးစွဲကြခြင်းဖြစ်ပါသည်။ အချို့သောနေရာဒေသ ဆိုင်ရာအမည်များသည် အမည်သက်သက်သုံးစွဲပြီး နောက်ကွယ်ကသက်ဆိုင်ရာနာမ်စကားလုံးကို ဖော်ညွှန်းပြနိုင်သော်လည်း အချို့သောနေရာဒေသဆိုင်ရာအမည်များကမူ သက်ဆိုင်ရာနာမ်ကို မြှုပ်၍ အမည်သက်သက်သုံးစွဲသည့်အခါ မည်သည်ကို ကိယ်စားပြုနေကြောင်း နားမလည်နိုင်တော့ပေ။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ် စသည့်ခေတ်အပိုင်းအခြားကိုဖော်ပြသည့် စကားလုံးများသည် မူလကနေရာဒေသဆိုင်ရာအမည်များဖြစ်သော်လည်း နောက်ပိုင်းတွင် နေရာဒေသဟူသောသဘောထက် ကာလအပိုင်းအခြားကိုဖော်ပြသည့်အနေဖြင့်သာသတ်မှတ်သုံးစွဲ လာကြပါသည်။ နောက်ပိုင်းတွင်

“ပုဂံက အစောဆုံးလေ ပုဂံပြီးမှ အင်းဝ၊ ပင်းယ ဆိုပြီးဖြစ်လာတာ”

ဟူ၍ ‘ခေတ်’ ဟူသောစကားလုံးကိုမြှုပ်ကာ နေရာဒေသအမည်ကိုစွဲပြး သုံးစွဲကြပါသည်။ ‘ကုန်းဘောင်’ကိုမူ နေရာဟူသောသဘောထက် ‘ခေတ်’ တစ်ခုကိုရည်ညွှန်းသောစကားလုံး အဖြစ်သာသတ်မှတ်သုံးစွဲကြပါသည်။ အချို့သောနေရာဒေသဆိုင်ရာအမည်များသည် ထွက်ရှိရာ၊ ပြုလုပ်ရာ၊ ထင်ရှားရာ တို့ကိုအစွဲပြု၍ မန္တလေးထိုးမုန့်၊ ပုသိမ်ဟာလဝါ၊ ရွှေဘိုသနပ်ခါး၊ မြင်းခြံဆေးလိပ်၊ ရှာလွတ်ဖိနပ် စသည်ဖြင့်ခေါ်ဝေါ်သုံးစွဲကြပါသည်။ သို့သော်

“ မန္တလေးက သပ်မချိုဘဲ စားလို့ကောင်းတယ်” (ထိုးမုန့်ကိုမြှုပ်)

“ ပုသိမ်က စားလို့ကောင်းလိုက်တာ” (ဟာလဝါကိုမြှုပ်)

“ ရွှေဘိုက သိပ်မွှေးတာပဲ” (သနပ်ခါးကိုမြှုပ်)

" မြင်းခြံက နာမည်ကြီးပဲ" (ဆေးလိပ်ကိုမြှုပ်)

" ရှာလွတ်က နောက်ပိုင်းကျတော့ စီးလို့မကောင်းဘူး" (ဖိနပ်ကိုမြှုပ်)

ဟူ၍ နေရာဒေသအမည်သက်သက်ကိုသာသုံးပြီး တွဲလျက်ပါသည့် နာမ်စကားလုံးများကိုမြှုပ်၍ သုံးစွဲသည့်အခါ မည်သည်ကို ကိုယ်စားပြုနေကြောင်း တိတိကျကျမသိနိုင်တော့ပေ။ ထိုသို့ သုံးစွဲသည့်အခါ နားလည်ရခက်သွားတတ်သဖြင့် အမည်နှင့်တွဲလျက်သာသုံးစွဲလေ့ရှိကြပါသည်။

လူမှုရေးဆိုင်ရာအမည်များကိုလည်း အမည်စွဲစကားလုံးများအဖြစ်သတ်မှတ်သုံးစွဲကြပါ သည်။ အမည်ပိုင်ရှင်၏ ထင်ရှားသောအပြုအမူ၊ ပုပန်းသဏ္ဌာန်၊ အကျင့်အကြံ၊ အဖြစ်အပျက်၊ အခြေအနေတို့အလိုက် အစွဲပြုပြီး အနက်အဓိပ္ပာယ်သစ်အဖြစ် သတ်မှတ်သုံးစွဲ ကြခြင်းဖြစ်ပါ သည်။ ဖိုးတုတ်၊ ငပွကြီး၊ အောင်နက် ဟူ၍ လက်တွေ့လောကတွင် အပြုအမူ၊ ပုံပန်း သဏ္ဌာန်ကို အစွဲပြုသောအမည်များ၊ ဝေဿန္တရာ၊ တေမိ၊ အဇာတသတ်၊ ဒေဝဒတ်၊ ဇူဇကာ စသည့် အပြုအမူ၊ အဖြစ်အပျက်၊ အကျင့်အကြံ၊ တို့ကိုအစွဲပြုသောအမည်များ၊ ချစ်ကောင်း၊ မြို့မ၊ မေဆွိ၊ ရွှေဘ စသည့် အခြေအနေကို အစွဲပြုသည့် ဖျော်ဖြေရေးဆိုင်ရာအမည်များ ပါဝင်နေပါသည်။

ဖိုးတုတ်၊ ငပွကြီး ဟူသောအမည်များသည် မူလအမည်သက်သက်ထက် နောက်ကွယ်တွင်စွဲကပ်နေသည့် 'လူမိုက်၊ လူတိုင်းနှင့်ပြဿနာဖြစ်တတ်သူ' ဟူသောအဓိပ္ပာယ်က ထင်ရှားသဖြင့် လူမိုက်ဆိုလျှင် 'ဖိုးတုတ်'၊ လူတိုင်းနှင့်ပြဿနာဖြစ်တတ်သူဆိုလျှင် 'ငပွကြီး' ဟူ၍ အစားထိုးကာ အမည်စွဲစကားလုံးများအဖြစ်သုံးစွဲကြပါသည်။ ထို့အတူ 'အောင်နက'ဟုဆိုလျှင် ခွေးတစ်ကောင်၏အမည်အဖြစ်သာသတ်မှတ်ထားပြီး 'အောင်နက်' ဟုဆိုလျှင် 'ခွေး' ဟုအလိုအလျောက် အစားထိုးသတ်မှတ်ကာ အမည်စွဲစကားလုံးအဖြစ် သုံးစွဲကြပါသည်။

ဝေဿန္တရာ၊ တေမိ၊ အဇာတသတ်၊ ဒေဝဒတ်၊ ဇူဇကာ ဟူသောအမည်များသည် မြန်မာလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာကိုအခြေခံ၍ဖြစ်ပေါ်လာသော အမည်များဖြစ်ပါ သည်။ သို့သော် ထိုအမည်များ၏နောက်ကွယ်ရှိ အပြုအမူ၊ အကျင့်အကြံ၊ အဖြစ်အပျက်၊ အခြေအနေတို့ကို အခြေခံပြီး 'ဝေဿန္တရာ' ဆိုလျှင် အလှူအတန်းရက်ရောသူ၊ ပေးကမ်းတတ်သူ ဟူသည့်အနက်က ထင်ရှားလာပါသည်။ 'တေမိ' ဆိုလျှင် စကားမပြောသူ၊ စကားနည်းသူ ဟူသည့်အနက်ကထင်ရှားလာပါသည်။ 'အဇာတသတ်' ဆိုလျှင် ဖခင်ကို သတ်သူ ဟူသည့်အနက်ကထင်ရှားလာပါသည်။ 'ဒေဝဒတ်' ဆိုလျှင် ကောင်းမှုကိုဖျက်ဆီး တတ်သူ ဟူသည့်အနက်ကထင်ရှားလာပါသည်။၊ 'ဇူဇကာ' ဆိုလျှင် အစားကြူးသူ ဟူသည့် အနက်ကထင်ရှားလာပါသည်။ ထို့ကြောင့်" သူကတော့ ဝေဿန္တရာပဲဗျို့"၊ "သူကစွတ်ပြောနေတော့ကျွန်မက တေမိလုပ်နေလိုက်တယ်လေ"၊ "အဇာတသတ်လို မိုက်လုံးမကြီးနဲ့" စသည်ဖြင့် နောက်ကွယ်ရှိထင်ရှားသည့် အကြောင်းအရာကိုအခြေခံကာ အမည်စွဲစကားလုံးများအဖြစ်ပြောဆို သုံးနှုန်းကြပါသည်။

မြို့မ၊ ချစ်ကောင်း၊ မေဆွိ၊ ရွှေဘ၊ ဟူသောအမည်များသည် တီးဝိုင်းအဖွဲ့၊ အဆိုတော်၊ ရုပရှင်မင်းသားတို့ကိုကိုယ်စားပြုနေသည့် ဖျော်ဖြေရေးဆိုင်ရာ ကိုယ်ပိုင်အမည်များ ဖြစ်ပါသည်။ သို့သော် 'မြို့မ' ဆိုလျှင် 'မြန်မာ့ရိုးရာသကြန်ကိုဖော်ညွှန်းသည့်တီးဝိုင်း' ဟူသည့် အနက်ကထင်ရှားလာပါသည်။ 'ချစ်ကောင်း' ဆိုလျှင် အဆိုတော်အမည်ထက် သူဆိုခဲ့သည့် ကော်ဖီခါးခါးသီချင်းကို အစွဲပြုကာ 'ကော်ဖီခါးခါး' ဟူသည့်အနက်က ထင်ရှားလာပါသည်။ 'မေဆွိ' ဆိုလျှင်လည်း

အဆိုတော်အမည်ထက် သူဆိုခဲ့သည့် ဝမ်းတီးတူးကော်သီချင်းကိုအစွဲပြုကာ 'ဝမ်းတီးတူးကော် (လွှက်ရည်တစ်ခွက် ကော်ဖီနှစ်ခွက်)' ဟူသည့်အနက်က ထင်ရှားလာပါ သည်။ 'ရွှေဘ' ဆိုလျှင် ရုပ်ရှင်မင်းသားအမည်ထက် 'လူစွမ်းကောင်း' ဟူသည့်အနက်က ထင်ရှားလာပါသည်။

"သကြီန်နဲ့ မြို့မက ခွဲလို့မရဘူးလေ"

"ကိုယ့်ဆရာက ချစ်ကောင်းတစ်ခွက် ဆိုင်သောက်မယ်"

"မေဆွိ ပါဆယ်ဆွဲမယ်"

"သူ့ကိုယ်သူ ရွှေဘများမှတ်နေသလားမသိဘူး"ဟူ၍ အမည်စွဲစကားလုံးများအဖြစ် သတ်မှတ် သုံးစွဲပုံကိုတွေ့ရပါသည်။

၃။ အမည်စွဲစကားလုံးနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှု

လူတို့သည် ဘာသာစကားကိုသုံးစွဲပြီး အပြန်အလှန်ဆက်သွယ်ကြပါသည်။ လူတို့အပြန်အလှန် ဆက်သွယ်နိုင်ခြင်းသည် ဘာသာစကားထဲရှိ အနက်အဓိပ္ပာယ်ကြောင့်ဖြစ်ပါသည်။ အကယ်၍ ဘာသာစကားထဲမှ အနက်အဓိပ္ပာယ်ကို ဖယ်ထုတ်လိုက်ပါက အသံမည်ကာမတ္တများသာဖြစ်ပြီး အပြန်အလှန်ဆက်သွယ်ခြင်း မပြုနိုင်တော့ပေ။ အမည်စွဲစကားလုံးများသည် လူတို့၏နေ့စဉ် ဘာသာစကားအသုံးများထဲတွင် ပါဝင်နေကြပါသည်။

မူလအနက်ရင်းကို မုချနက်၊ တင်စားသော အနက်ကို တင်စားနက် ဟု ခေါ်လေ့ရှိပါသည်[၁]

အမည်စွဲစကားလုံးများသည် မူလအနက်ရင်း(မုချအနက်)မရှိပါ။ သို့သော် ယင်းအမည်ကို အခြေပြု၍ တင်စားသုံးနှုန်းလေ့ရှိပါသည်။ ထို့ကြောင့် အမည်စွဲစကားလုံးများသည် မူလ အနက်ရင်းမရှိသော်လည်း တင်စားနက်များရှိနေသည့် အနက်အဓိပ္ပာယ်ဖော်ဆောင်နိုင်သော နေ့စဉ်သုံးဝေါဟာရများဟုဆိုနိုင်ပါသည်။

၃.၁။ အမည်စွဲစကားလုံးနှင့် ဥပစာတင်စားမှု

ရှင်သန်နေသောဘာသာစကားတိုင်းသည် သုံးစွဲနေသည့်ကာလတလျှောက် အမြဲတမ်း အသစ် အသစ် တိုးပွားနေတတ်ပါသည်။ ဘာသာစကားတိုးပွားမှုဖြစ်စဉ်ထဲတွင် ဥပစာတင်စားခြင်းသည်လည်း ပါဝင် ပါသည်။ ဥပစာတင်စားသည့်စကားလုံးများကြောင့် ဘာသာစကားအတွင်း စကားလုံးအသစ်များ၊ အဓိပ္ပာယ်အသစ်များ တိုးပွားလာပါသည်။ 'ဥပစာ' နှင 'တင်စား' ဟူသောစကားလုံးများကို မြန်မာ အဘိဓာန်တွင်

ဥပစာ/အုဗဇာ/ န– တင်စားသောစကား[၂]

တင်စား/တင်ဇား/ ကြိ – တစ်စုံတစ်ခု၏အမည်ကို အခြားတစ်စုံတစ်ခု၌ တင်၍ ခေါ်ဝေါ်ပြောဆိုသည်[၃]

ဖွင့်ဆိုထားပါသည်။ ထို့အပြင်

[၁] ခင်မင်၊မောင်၊ဓနုဖြူ၊၂၀၀၁၊၂၀၀။

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄၃၁။

[၃] –ယင်း–၊၁၅၃။

> တင်စားခြင်းဆိုသည်မှာ တစ်စုံတစ်ခုကို ရည်ညွှန်းခေါ်ဝေါ်သော စကားလုံးက ထို တစ်စုံတစ်ခုနှင့်တူသော သို့မဟုတ် ဆက်စပ်မှုရှိသော အခြားတစ်စုံတစ်ခုအတွက် ပြောင်းရွှေ့
>
> အသုံးပြုနေခြင်း ဖြစ်သည်[၁]

ဟုဆိုပါသည်။ ဥပစာတင်စားမှုသဘောကို

> အဆင်းသစ်၊ အသံသစ်၊ အနံ့သစ်၊ အရသာသစ်၊ အထိအတွေ့သစ်များမိမိအာရုံတွင် ထင်ဟပ်လာသောအခါ ယင်းအာရုံသစ်များနှင့်တစ်စုံတစ်ရာတူသော အဆင်းဟောင်း၊ အသံဟောင်း၊ အနံ့ဟောင်း၊ အရသာဟောင်း၊ အထိအတွေ့ဟောင်းများကို ချက်ချင်း ပြန်သတိရလာတတ်ပြီး ထိုအာရုံသစ်များနှင့် နှိုင်းယှဉ်ကြည့်တတ်ကြသည်။ ဤ သဘောသည်ပင် အခြေခံအားဖြင့် ဥပစာတင်စားမှုသဘောဖြစ်သည် [၂]

ဟုလည်း ဆိုပါသည်။

ဥပစာတင်စားမှုသည် အခြေအနေအကြောင်းအရာချင်းတူညီမှု၊ဆက်စပ်မှုတို့ကိုအကြောင်း ပြု၍ ပြောင်းရွှေ့သုံးစွဲခြင်းဖြစ်သည်။ ဥပစာစကားများကို

> ဥပစာစကားသည် ကဗျာစာပေများထဲတွင်အဓိကစွမ်းအားဖြစ်သည်။ ဥပစာစကားကို ကဗျာတိုင်းတွင် အသုံးမပြုကြသော်လည်း နေ့စဉ်အဖြစ်အပျက်၊ ဖြစ်စဉ်များရှိ အပြောနှင့် အရေးတို့၌ အမြဲပါဝင်နေပါသည်ကို သတိမပြုမိကြပေ [၃]

ဟုဆိုထားပါသည်။ ထို့ကြောင့် ဘာသာစကားတစ်ခုအတွင်း ဥပစာစကားများသည် စာပေ အရေး အသားများတွင်သာမက နေ့စဉ်သုံးစကားများ၌ ပါဝင်နေတတ်ပုံကိုသိနိုင်ပါသည်။

ဥပစာတင်စားမှုကို တူညီမှုအရတင်စားသောဥပစာ[၄] နှင့် ဆက်စပ်မှုအရတင်စားသောဥပစာ[၅] ဟု ခွဲခြားသတ်မှတ်လေ့လာပါသည်။ အမည်စွဲစကားလုံးများသည် စင်စစ်အားဖြင့် ဥပစာစကားလုံး များဟုဆိုနိုင်ပါသည်။ မူလအမည်၏ နောက်ကွယ်မှအဓိပ္ပာယ်များကို တူညီမှုကြောင့်ဖြစ်စေ၊ ဆက်စပ်မှုကြောင့်ဖြစ်စေ တင်စားသုံးစွဲသည့်သဘောပင်ဖြစ်ပါသည်။ အမည်စွဲစကားလုံးများ သည် တူညီမှုကိုအခြေခံ၍ဖြစ်စေ၊ ဆက်စပ်မှုကိုအခြေခံ၍ဖြစ်စေ အနက်သစ်များအဖြစ် ကျယ်ပြန့်စွာသုံးစွဲ လာကြကြောင်း တွေ့ရပါသည်။

### ၃၊၁။ တူညီမှုကိုအခြေပြုသောအမည်စွဲစကားလုံးများ

အချို့သောအမည်စွဲစကားလုံးများသည် တူညီမှုကိုအခြေပြုလျက် အနက်သစ်များအဖြစ်ရောက်ရှိ လာကြပါသည်။ တူညီမှုကိုအခြေပြုသောဥပစာဆိုသည်မှာ

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၄၊ ၉။
[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၄၊ ၁၂။
[၃] Baldick, Chris, 2001, 97.
[၄] metaphor
[၅] metonymy

ပထမအကြောင်းအရာနှင့် ဒုတိယအကြောင်းအရာ တူညီမှုကိုအကြောင်းပြု၍ ပထမ
အကြောင်းအရာအတွက်သုံးသောစကားလုံးကို ဒုတိယအကြောင်းအရာအတွက်ပြောင်း
သုံးသည့်ဥပစာမျိုးဖြစ်သည်[၁]

ဆိုလိုသည်မှာ ပထမအကြောင်းအရာအတွက် အသုံးပြုထားသောစကားလုံးတွင် ထင်ဟပ်နေသောအဓိပ္ပာယ်ကိုအခြေခံလျက် ယင်းအဓိပ္ပာယ်နှင့်တူညီနေသည့် အကြောင်းအချက်တစ်ခုခုကိုအကြောင်းပြုကာ ဒုတိယအကြောင်းအရာတွင်လည်း ယင်းစကားလုံးကို အစားထိုးကာပြောင်းသုံးသည့်သဘောဖြစ်ပါသည်။ ဥပမာပေးသည့်သဘောဖြစ်သော်လည်း ဥပမာပေးသည့်စကားလုံး(အနှိုင်း)ကိုသာဖော်ပြပြီး ဥပမာအပေးခံရသည့်မူလစကားလုံး(အနှိုင်းခံ)ကို မြှုပ်ထားလိုက်သည့်သဘောဖြစ်ပါသည်။ ထို့အပြင် ဥပမာပေးသည့်စကားလုံး(အနှိုင်း)နှင့် ဥပမာအပေးခံရသည့်မူလစကားလုံး(အနှိုင်းခံ)ကို တွဲစပ်သုံးစွဲသည့်သဘောလည်းဖြစ်ပါသည်။ ပုံစံအားဖြင့်

မန္တလေး + မြို့ = မန္တလေးမြို့ (မူလစကားလုံး)

ရွှေ + မန္တလေး = ရွှေမန္တလေး (အနှိုင်း နှင့် အနှိုင်းခံ တွဲစပ်သုံးစခြင်း)

ရွှေ + မြို့တော် = ရွှေမြို့တော် (အနှိုင်း ကိုဖော်ပြပြီး အနှိုင်းခံကို မြှုပ်ခြင်း)

'ရွှေ'ဟူသောစကားလုံးတွင် ထင်ဟပ်နေသည့် တန်ဖိုးရှိခြင်း၊ နှစ်သက်ဖွယ်ဖြစ်ခြင်း ဟူသည့်အနက်အဓိပ္ပာယ်ဆိုင်ရာဂုဏ်အရည်အသွေးတို့ကို အခြေပြုကာ 'မန္တလေး' ဟူသောစကားလုံးနှင့် တွဲစပ်သုံးစွဲထားသည့်အတွက် ရွှေ နှင့် မန္တလေး တို့သည် တူညီသောဂုဏ်အရည်အသွေး ရှိသည်ဟု တင်စားသုံးစွဲလိုက်ခြင်းဖြစ်ပါသည်။ ထို့အပြင်'မန္တလေးမြို့တော်' ဟူသောစကားလုံး တွင် 'မန္တလေး' ကိုမြှုပ်ကာ 'ရွှေ' နှင့်အစားထိုးလိုက်သည့်အတွက် မန္တလေးမြို့သည် ရွှေကဲ့သို့ တန်ဖိုးရှိသော၊ နှစ်သက်ဖွယ်ဖြစ်သောမြို့ ဟု တင်စားသုံးစွဲလိုက်ခြင်းဖြစ်ပါသည်။

ဝေဿန္တရာ၊ တေမိ၊ အဇာတသတ်၊ ဒေဝဒတ်၊ ဖိုးတုတ် စသည့် အမည်တို့သည် တူညီမှုကိုအခြေပြုပြီးသုံးစွဲသောဥပစာစကားလုံးများဖြစ်ပါသည်။ အမည်ပိုင်ရှင်နှင့်ဂုဏ်အရည်အသွေးချင်းတူညီမှုကိုအကြောင်းပြုကာ ဥပစာစကားအဖြစ် အစားထိုးထည့်သွင်းသုံးစွဲလိုက်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် အနှိုင်းခံကိုမြှုပ်ပြီး အနှိုင်းစကားလုံးအဖြစ် အသုံးပြုလိုက်ခြင်း ဖြစ်ပါသည်။ အမည်စကားလုံးများ၏နောက်တွင်ထင်ဟပ်နေသည့်

ဝေဿန္တရာ = ပေးကမ်းလှူဒါန်းတတ်သူ

တေမိ = စကားမပြောသူ၊ စကားနည်းသူ

အဇာတသတ် = ဖခင်ကိုပြန်သတ်သူ

ဒေဝဒတ် = ကောင်းမှုကိုဖျက်ဆီးတတ်သူ၊ သူတော်ကောင်းကိုပြစ်မှားတတ်သူ

ဖိုးတုတ် = လူဆိုးလူမိုက်

ဟူသောအနက်တို့သည် မုချနက်များဖြစ်ပါသည်။ ယင်းဂုဏ်အရည်အသွေးများကို တူညီသည့်အခြားတစ်ခုတွင် ပြောင်းရွှေ့တင်စားသုံးနှုန်းလိုက် ခြင်းကြောင့် ယင်းအမည်စကားလုံးများသည် တင်စားနက်များအဖြစ် ပြောင်းလဲသွားပြီး အနက်အဓိပ္ပာယ်ရှိသော ကိုယ်ပိုင်အမည်များ သို့မဟုတ် အမည်စွဲစကားလုံးများဖြစ်သွားပါသည်။ ထို့ကြောင့်လည်း မြန်မာအဘိဓာန်တွင်

[၁] ခင်အေး၊ဒေါက်တာ၊၂၀၀၄၊၁၆၆။

ဝေဿန္တရာ၊/ ဝေသန်ဒယာ/ န-(ဥပစာ)အပေးအကမ်းရက်ရောသူ[၁]

တေမိ၊န-(ဥပစာ)စကားနည်းသူ[၂]

ဒေဝဒတ်၊န-ဂေါတမမြတ်စွာဘုရားကို ဖက်ပြိုင်အနတုသောရဟန်း[၃]

ဟူ၍ အမည်များကို တည်ပုဒ်များအဖြစ် ဖွင့်ဆိုထားပုံကို တွေ့ရပါသည်။

## ၃၊၂။ ဆက်စပ်မှုကိုအခြေပြုသောအမည်တွဲစကားလုံးများ

အရီးတောင်း၊ မြင့်မြင့်ခင် စသည့်အမည်စကားလုံးများမှာ ဆက်စပ်မှုကိုအခြေပြုသော ဥပစာစကားလုံးများဖြစ်ပါသည်။ မူလက အရီးတောင်း လက်ဖက်၊ မြင့်မြင်ခင်ထိုးမုန့် ဟူ၍ ကုန်အမှတ်တံဆိပ်အဖြစ် တွဲလျက်သုံးစွဲနေသည့်အခြေအနေမှ နောက်ပိုင်းတွင် ယင်းအမည်နှင့် ဆက်စပ်လျက်ရှိသော ကုန်ပစ္စည်းအမျိုးအစားကိုမြုပ်ကာ အမည်သက်သက်သုံးစွဲကြခြင်း ဖြစ်ပါသည်။ ကုန်အမှတ်တံဆိပ၏ အောင်မြင်ကျော်ကြားမှုအလျောက် အသုံးကျယ်ပြန့်မှု၊ အသုံးတွင်ကျယ်မှု အနည်းအများရှိကြပါသည်။ ထို့ကြောင့် ကုန်အမှတ်တံဆိပ်အမည်စကားလုံးများ သည် နေရာဒေသကွဲပြားမှုအလျောက် အသုံးတွင်ကျယ်မှုအနည်းအများ ဖြစ်နိုင်သည့်အတွက် ယင်းအမည်တွဲ စကားလုံးများသည် ဒေသဒေသိယ [၄] စကားများကဲ့သို့ နေရာဒေသအပေါ်တွင် မူတည်၍ သုံးစွဲလေ့ရှိကြသော အမည်တွဲစကားလးများဟု ဆိုနိုင်ပါသည်။

ရေကျော်မောင်အေး(လက်ဖက်ရည်ဆိုင်)၊ ဦးချစ်(လက်ဖက်ရည်ဆိုင်)၊ ဦးထွန်းလင်းခြံ(လမ်း)၊ ပဲခူးမနီ(ငါးချဉ်)၊ မြင်းခြံမကောက်(ဆေးလိပ်)၊ ဒေါ်သီ(သနပ်ခါး) စသည်ဖြင့် လူအမည်များကို အစွဲပြုကာမှည့်ခေါ်ထားသည့် ကုန်အမှတ်တံဆိပ်များသည် သက်ဆိုင်ရာဒေသအသီးသးတွင် ကုန် အမျိုးအစားကိုမဖော်ပြဘဲ အမည်သက်သက်ကိုသုံးစွဲခြင်းဖြင့် မည်သည်ကိုဆိုလိုကြောင်း ထိုဒေသရှိ လူအများစုကသိရှိကာ အမည်တွဲစကားလုံးများအဖြစ်သုံးစွဲလေ့ရှိကြပါသည်။ ထို့အတူ မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင်လည်း ထိုကဲ့သို့သော လူအမည်ကိုအစွဲပြုကာ ကုန်ပစ္စည်း များအဖြစ် သတ်မှတ်သုံးစွဲနေမှုများလည်း ရှိနေမည်သာဖြစ်ပါသည်။ ထို့ကြောင့်လည်း ကုန်ပစ္စည်းများကို နေရာဒေသများနှင့်တွဲကာ မှတ်သားသုံးစွဲခြင်းဖြင့်လည်း ထိုနေရာဒေသများသည် ကုန်ပစ္စည်းများကို ကိုယ်စားပြုသည့်အမည်များအဖြစ်သို့ရောက်သွားလေ့ရှိပါသည်။ ရှေးက "တန်တားဦးကကွမ်းနုဝါ၊ ငမြာကဆေး၊ ကွမ်းသီးတောင်ငူနှင့်၊ ကိုင်းထုံးဖြူ ပြည်ရှား၊ သာဝါး လို့ထွေး" ဟု စာချိုးခဲ့ ဖူးပါသည်။ ကုန်ပစ္စည်းအမျိုးအစားတူချင်းဖြစ်သော်လည်း

မုန့်ဟင်းခါး – ရန်ကုန်(မုန့်ဟင်းခါး)၊ ဖျာပုံ(မုန့်ဟင်းခါး)၊ ဟသ်ာတ(မုန့်ဟင်းခါး)၊

မုန့်တီ – မန္တလေး(မုန့်တီ)၊ ခိုတောင်(မုန့်တီ)၊ ရခိုင်(မုန့်တီ)

ဆေးလိပ် – မြင်းခြံ(ဆေးလိပ်)၊ ပခုက္ကူ(ဆေးလိပ်)၊ အုတ်တွင်း(ဆေးလိပ်)

ဆန် – ရွှေဘို(ဆန်)၊ ပုသိမ်(ဆန်)

---

[၁] မြန်မာစာအဖွဲ့၊၂၀၀၈၊၃၆၄။
[၂] -ယင်း-၊၁၄၆။
[၃] မြန်မာစာအဖွဲ့၊၂၀၀၈၊၁၇၉။
[၄] regional dialect

စသည်ဖြင့် နေရာဒေသအမည်နှင့်တွဲကာမှတ်သား သုံးစွဲကြပုံကိုတွေ့ရပါသည်။ ယင်းနေရာ ဒေသများသည် သက်ဆိုင်ရာကုန်ပစ္စည်းများ ထုတ်လုပ်မှု၊ ထင်ရှားမှု၊ အောင်မြင်မှု၊ ကွဲပြားမှု စသည်ဖြင့် ဆက်စပ်နေသည့်အကြောင်းအရာများကို အခြေပြုကာ တင်စားသုံးစွဲခြင်းဟု ဆိုနိုင် ပါသည်။

ချစ်ကောင်း၊ မေဆွိ၊ ရွှေဘ စသည့်နာမည်များသည်လည်း ဆက်စပ်မှုကိုအခြေပြုသော ဥပစာစကားလုံးများဟု ဆိုနိုင်ပါသည်။ ကော်ဖီခါးခါးကို 'ချစ်ကောင်း' ဟုသုံးစွဲခြင်းသည် အဆိုတော်ချစ်ကောင်း၏ နာမည်ကျော်သီချင်းဖြစ်သွားသည့် 'ကော်ဖီခါးခါး' ဟူသည့်အမည်ကို အစွဲပြုကာ ဆက်စပ်ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပါသည်။ 'ကော်ဖီခါးခါး'ဟူသည့်သီချင်း သီဆိုသူကို အစွဲပြုကာ ပြင်ပလောကတွင် ကော်ဖီခါးခါး ကို 'ချစ်ကောင်း' ဟုဆက်စပ်ခေါ်ဝေါ်တင်စား သုံးစွဲလိုက်ခြင်းဖြစ်ပါသည်။

ချစ်ကောင်း = ကော်ဖီခါးခါး ဟူသောသီချင်းကိုသီဆိုသူအဆိုတော်

မေဆွိ = ဝမ်းတီးတူးကော် ဟူသောသီချင်းကိုသီဆိုသူအဆိုတော်

ရွှေဘ = ပါဝင်သည့်ရုပ်ရှင်တိုင်းတွင် အမြဲတမ်းအနိုင်ရလေ့ရှိသောလူစွမ်းကောင်းမင်းသား

စသည့်ဆက်စပ်မှုများကိုအခြေပြုကာ အမည်စွဲစကားလုံးများအဖြစ် သုံးစွဲကြခြင်းဖြစ်ပါသည်။ ထို့အတူ ထွေးညို၊ စာဥ စသည်ဖြင့် သီချင်းစာသားတွင်ပါဝင်သည့် အမည်များကို ယခုအခါ ကျေးလက်တောရွာနေ မိန်းကလေးအမည်များအဖြစ်အသားကျကာ တောဆန်သောမိန်းကလေးများကို ထွေးညို၊ စာဥ ဟုသတ်မှတ်ခေါ်ဝေါ်သုံးစွဲလေ့ရှိကြပါသည်။

ခေတ်ကာလပြောင်းလဲလာသည့်အလျောက် သကဆိုင်ရာ ကာလ၊ ဒေသများတွင် ထင်ရှားသော၊ လူသိများသောအကြောင်းအရာ၊ အခြေအနေများကိုအစွဲပြုလျက် အမည်စွဲစကားလုံးများ ပေါ်ထွက်နေမည်သာဖြစ်ပါသည်။ ယင်းအမည်စွဲစကားလုံးတို့သည် အသုံးကျယ်ပြန့်မှု၊ အသုံးတွင်ကျယ်မှုတို့ကိုအခြေခံကာ ကာလ၊ ဒေသ ကန့်သတ်ချက်များကိုကျော်လွန်ပြီး အဘိဓာန်တွင် တည်ပုဒ်များအဖြစ်ရောက်ရှိကာ စကားလုံးသစ်များအဖြစ် တိုးပွားနေဦးမည်သာဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဘာသာစကားတိုင်းတွင် သက်ဆိုင်ရာဘာသာစကားသုံးစွဲသူတို့နှင့် ပတ်သက်ဆက်နွှယ်နေသည့် ကိုယ်ပိုင်အမည်များရှိကြပါသည်။ ယင်းအမည်များသည သက်ဆိုင်ရာအမည်ရှင်နှင့်ဆက်စပ်နေသည့် အပြုအမူ၊ အတွေးအခေါ်၊ အယူအဆ၊ အခြေအနေ၊ အဖြစ်အပျက်များအလျောက် ကောင်းခြင်း၊ ဆိုးခြင်း၊ ထင်ပေါ်ခြင်း၊ ကျော်ကြားခြင်း စသော ဂုဏ်ထူးဝိသေသများထင်ဟပ် နေတတ်ပါသည်။ ထိုအခါ ယင်းအချက်များကိုအခြေပြု၍ တူညီသည့်သဘော၊ နီးစပ်သည့် သဘော၊ ဆက်စပ်သည့် သဘောများကို ဥပစာစကားလုံးများအဖြစ် တင်စားသုံးစွဲကြပါသည်။ အမည်စွဲစကားလုံးများသည် အသုံးတွင်ကျယ်မှု၊ အသုံးကျယ်ပြန့်မှုအလျောက် အနက်အဓိပ္ပာယ်ရှိသော ကိုယ်ပိုင်အမည်များ ဖြစ်သွားတတ်ပါသည်။ ဘာသာစကားသုံးစွဲသည့် ကာလနှင့် နေရာဒေသ ကွဲပြားခြားနားတတ်သောကြောင့် နေရာဒေသအလျောက်၊ ကာလစဉ်အလျောက် အပြောင်းအလဲများဖြစ်တတ်သည်။ အချို့သောအမည်စွဲစကားလုံးများသည် ကာလတစ်ခုအတွင်း တွင်အဓိပ္ပာယ်ရှိသောအမည်စွဲစကားလုံး အဖြစ် အသုံးတွင်ကျယ်ခဲ့သော်လည်း ကာလပြောင်းလဲလာသောအခါ အနက်အဓိပ္ပာယ် မေးမှိန်သွား တတ်ပါသည်။ အချို့သော အမည်စွဲစကားလုံးများသည် နေရာဒေသကွဲပြားသည့်အတွက်

သက်ဆိုင်ရာဒေသတွင်သာ အနက်အဓိပ္ပာယ်ရှိသော အမည်စွဲစကားလုံးအဖြစ် အသုံးတွင်ကျယ်ပြီး အခြားဒေသများတွင် သာမန်အမည်စကားလုံး အဖြစ်အကန့်အသတ် ဖြစ်သွားတတ်ပါသည်။ အချို့သောအမည်စွဲစကားလုံးများမှမူ အသုံးကျယ်ပြန့်သောကြောင့် အသုံးတွင်ကျယ်သွားပြီး အနက်အဓိပ္ပာယ်ရှိသည့် ခိုင်မာတည်တံ့သောဥပစာစကားလုံးအဖြစ် ရောက်ရှိသွားတတ်ပါသည်။ ထို့ကြောင့် ဘာသာစကားတိုင်းရှိ အမည်စွဲစကားလုံးများသည် သက်ဆိုင်ရာဘာသာစကားအတွင်း စကားလုံးအသစ်၊ အနက်အဓိပ္ပာယ် အသစ်များအဖြစ် တိုးပွားလာလေ့ရှိပုံကို လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဤသုတေသနစာတမ်းသည် ပြီးပြည့်စုံသောစာတမ်းဟု မဆိုနိုင်ပါ။ ဤစာတမ်း၏မပြည့်စုံမှု၊တိမ်းပါးချွတ်ချော်မှုတို့သည် စာတမ်းရှင်နှင့်သာ သက်ဆိုင်ပါသည်။ သို့သော် ဤသုတေသနကို အခြေခံ၍ အမည်စွဲစကားလုံးများကို ဆက်လက်လေ့လာလိုသည့် သုတေသီများအတွက် အထောက်အပံ့တစ်ခု ဖြစ်မည်ဟု ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်နှင်းယု။(၁၉၉၅)။*ဘယ်သို့သောအကြောင်းကြောင့်*၊ရန်ကုန်၊ယွန်းရွှေအိမ်စာပေ။

ခင်မင်၊မောင်၊ဓနုဖြူ။(၂၀၀၁)။ *တစ်သံ နှစ်သံ သုံးလေးသံ*။ ရန်ကုန်၊ ချစ်စရာစာပေ။

ခင်မင်၊မောင်၊ဓနုဖြူ။(၂၀၀၄)။ *သက်တံ့ရောင်စုံဘာသာစကား*၊ ရန်ကုန်၊ ကြယ်နီစာပေတိုက်။

ခင်မင်၊မောင်၊ဓနုဖြူ။(၂၀၀၉)။ *လမင်းနှင့်ပိုးစုန်းကြူး*။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊မောင်၊ဓနုဖြူ။(၂၀၁၄)။ *ဘာသာအမြင်စာပေအမြင်*(ဒုကြိမ်)။ရန်ကုန်၊စိတ်ကူးချိုချိုစာပေ။

ခင်မင်၊မောင်၊ဓနုဖြူ။(၂၀၁၄)။ *ဥပစာကမ္ဘာကြီးထဲမှာ*။ရန်ကုန်၊ဇွန်ပွင့်စာအုပ်တိုက်။

ခင်အေး၊ဒေါက်တာ။(၂၀၀၄)။ *အတ္ထဗေဒနိဒါန်း*။ရန်ကုန်၊ ပညာတန်ဆောင်။

မြန်မာစာအဖွဲ့။(၂၀၀၈)။ *မြန်မာအဘိဓာန်* (ဒုကြိမ်)၊ ရန်ကုန်။

Baldick,Chris. (2001). ***The Concise Oxford Dictionary of Literary Terms.*** New York, Oxford University Press.

Crystal,David. (2008). ***A Dictionary of Linguistics and Phonetics,*** Sixth Edition. Blackwell Publishing Ltd.

Yule, George. (2010). ***The Study of Language***, Fourth Edition. CAMBRIDGE UNIVERSITY PRESS.